## တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်

မြန်မာစာဌာန

တိုကျို နိုင်ငံခြား ပညာရပ်များ လေ့လာရေး တက္ကသိုလ် မြန်မာစာဌာနကို ၁၉၈၁ ခုနှစ်တွင် အင်ဒိုချိုင်းနား(Indo-China) အုပ်စုခွဲတစ်ခုအဖြစ် စတင်ထူထောင်ခဲ့ပါသည်။ စတင်ထူထောင်စဉ်က ပထမနှစ်တွင် ကျောင်းသား ကျောင်းသူ ၅ ဦးကိုသာ လက်ခံသင်ကြား ပို့ချခဲ့ရပါသည်။

ယခုအခါ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာရေး မဟာဌာနက ၅ ဦး၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသတွင်းဆိုင်ရာလေ့လာရေးမဟာဌာနက ၅ ဦး (စုစုပေါင်း ၁၀ ဦး) မြန်မာဘာသာစကားနှင့် မြန်မာ့ရေးရာများကို အထူးပြု သင်ယူလေ့လာလျက်ရှိပါသည်။

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်၊ မြန်မာစာဌာနသည် ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရုံးသုံး ဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို မြန်မာ၊ ဂျပန်ဆရာများက အနီးကပ် ကြီးကြပ် သင်ကြားပို့ချပေးလျက် ရှိသည်။

မြန်မာ့ရေးရာသာမက အရှေ့တောင်အာရှဒေသဆိုင်ရာ ဗဟုသုတများ၊ ပညာရပ်ဆိုင်ရာ ဥပဒေသများ၊ သီအိုရီများကိုပါ သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသားကျောင်းသူများသည် corss-cultural understanding ကို ပိုမိုသိရှိနိုင်သည်။ မိမိ အဓိကလေ့လာလိုသည့် အကြောင်းအရာများကို ကိုယ်တိုင်လေ့လာသင်ယူနိုင်ရန်အတွက် အထောက်အကူပြုပါသည်။


တတိယနှစ်၊ စတုတ္ထနှစ်သို့ ရောက်သောအခါ မြန်မာဘာသာစကားကို အဓိကအသုံးပြုပြီး မိမိ အဓိကလေ့လာရန် ရွေးချယ်ထားသော ပညာရပ်ဆိုင်ရာကို လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် လေ့လာကာ ဘွဲ့ယူစာတမ်း ပြုစု ရေးသား တင်သွင်းရပါသည်။


တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေးတက္ကသိုလ်မှ မြန်မာ့ရေးရာအထူးပြု ကျောင်းသားကျောင်းသူများသည် ဤတက္ကသိုလ်တွင်သာမက မြန်မာနိုင်ငံသို့ပါ သွားရောက်၍ ပညာရပ် များကို လေ့လာဆည်းပူးလျက်ရှိပါသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ခဲ့ပြီး ပညာရပ်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။ နားလည်မှုစာချွန်လွှာအရ ကာလတို (၃ ပတ်) သင်ကြားရေး အစီအစဉ်အဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေးတက္ကသိုလ် မြန်မာ့ရေးရာအထူးပြု သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနသို့ သွားရောက် ပညာဆည်းပူးခဲ့သည်။ ကာလရှည် (၁ နှစ်) သင်ကြားရေးအစီအစဉ်အဖြစ် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျောင်းသား ၂ ဦး၊ ကျောင်းသူ ၂ ဦး (စုစုပေါင်း ၄ ဦး) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ပညာဆည်းပူးလျက် ရှိပါသည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ Global Japan Office ကို ဖွင့်လှစ်ခဲ့သည်။ TUFS-GJO (ရန်ကုန်)သည် မြန်မာလူငယ်များအား ဂျပန်ဘာသာစကား ကို အခမဲ့သင်ကြားပို့ချပေးလျက် ရှိသည်။ TUFS-GJO (ရန်ကုန်) မှတစ်ဆင့် ဂျပန်-မြန်မာ ပညာသင်ကြားရေးဆိုင်ရာများ၊ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်မှ မြန်မာ့ရေးရာအထူးပြုဖြင့် ဘွဲ့ရ ခဲ့ကြသော လူငယ်များသည် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်သာမက နာမည်ကြီး ကုမ္ပဏီကြီးများတွင် အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။





**Tokyo University of Foreign Studies**
**3-11-1 Asahicho, Fuchu, Tokyo 183-8534 Japan**
**Tel +81-42-330-5151**
**Fax +81-42-330-5140**
**soumu-koho@tufs.ac.jp**
**http://www.tufs.ac.jp/english/**



# Tokyo University of Foreign Studies (TUFS)



## တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်

မြန်မာ

**Leaflet in Myanmar**
**ビルマ語版**




တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်သည် မည်သို့သော တက္ကသိုလ်မျိုးနည်း။

၁။ ဘာသာစကားသင်ကြားရေးနှင့် သုတေသနအတွက် ကမ္ဘာ့ အချက်အချာ ဌာနကြီး

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်တွင် ဘာသာစကားပေါင်း ၅၀ ခန့်ကို ပုံမှန်သင်ရိုးအနေဖြင့် သင်ကြား ပေးနေသကဲ့သို့ သုတေသန အမြောက်အမြားကိုလည်း ပြုလုပ်လျက်ရှိသည်။ ကမ္ဘာ့ဘာသာစကားအရေအတွက် ထက်ဝက်ခန့်သည် အာရှဒေသမှ ဘာသာစကားဖြစ်ပြီး အချို့သော ဘာသာစကားများကို တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်တွင်သာ လေ့လာသင်ယူခွင့် ရရှိနိုင်ပါသည်။

၂။ ဂျပန်ဘာသာစကားသင်ကြားရေးအတွက် ကမ္ဘာ့အချက်အချာ ဌာနကြီး

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်တွင် ဂျပန် ဘာသာစကားနှင့်စာပေကို နည်းစနစ်ကျကျ သင်ယူနိုင်ပါသည်။

ဂျပန်ဘာသာစကားနှင့်စာပေကို သင်ကြားပို့ချမည့် ဂျပန်ဘာသာပြ ဆရာများကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက် ရှိသည့် အပြင် ဤတက္ကသိုလ်သည် ပြည်တွင်း၊ ပြည်ပ ဂျပန် ဘာသာစကားသင်ကြားရေးအတွက် အကြံဉာဏ်ကောင်းများ ပေးသည့် တာဝန်ကိုလည်း ထမ်းဆောင်နေပါသည်။

၃။ ပညာရပ်ဆိုင်ရာ၊ ဒေသဆိုင်ရာ ရှုထောင့်စုံ ကူးလူးဖလှယ် လေ့လာမှုအတွက် ကမ္ဘာ့အချက်အချာ ဌာနကြီး

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်သည် ကမ္ဘာ့နေရာဒေသအားလုံးနီးပါးနှင့် သက်ဆိုင်သည့် ပညာရပ် အမျိုးမျိုးကို လေ့လာ သုတေသနပြုရာတွင် သက်ဆိုင်ရာ ပညာရပ် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များက ဦးဆောင် ဦးရွက်ပြုပေးလျက် ရှိသည်။

တက္ကသိုလ်၏သမိုင်းကြောင်း

ဤတက္ကသိုလ်သည် နိုင်ငံတကာပညာရပ်များကိုလေ့လာသောတက္ကသိုလ် များတွင် သက်တမ်းအရှည်ကြာဆုံး၊ အခိုင်အမာဆုံး တက္ကသိုလ် ဖြစ်ပါသည်။ မူလက Bansho Shirabesho (Institute for Research of Foreign Documents) အဖြစ် အစပြုခဲ့ပြီး အစိုးရဘာသာပြန်ဌာနတစ်ခုအဖြစ် ၁၈၅၆ ခုနှစ် တွင် ထူထောင်ခဲ့သည်။ ၁၈၉၉ ခုနှစ်တွင် Tokyo Gaikokugo Gakko (Tokyo School of Foreign Languages) ဟူသော အမည်ဖြင့် ပညာရေးနှင့် သုတေသနကို ဆောင်ရွက်သော ကျောင်း ဖြစ်လာပါသည်။ ၁၉၉၉ ခုနှစ်တွင် ဤတက္ကသိုလ်ကိုတည်ထောင်သော နှစ် ၁၀၀ ပြည့် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခု လက်ရှိတက္ကသိုလ်တည်နေရာသို့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ပြောင်းရွှေ့လာခဲ့သည်။ လက်ရှိတည်နေရာသို့ ပြောင်းရွှေ့လာရခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ ပိုမို၍ ခေတ်မီမီ သင်ကြားနိုင်ရေး၊ အဆင့်မြင့် နည်းပညာဝန်းကျင်ကို ရရှိနိုင်စေရေးတို့အတွက် ဖြစ်ပါသည်။

တိုကျို နိုင်ငံခြားပညာရပ်များလေ့လာရေး တက္ကသိုလ်နယ်မြေသည် ဂျပန် နိုင်ငံ၊ တိုကျိုမြို့၏ အနောက်ဘက် ဖူချူ (Fuchu) မြို့တွင် တည်ရှိပါသည်။ တက္ကသိုလ်တွင် ဖွဲ့စည်းထားသည့် School of Language and Culture Studies (ဘာသာစကားနှင့် ယဉ်ကျေးမှုလေ့လာရေးမဟာဌာန) (လက်ခံနိုင်သည့် ကျောင်းသားဦးရေ- ၃၇၀)၊ School of International and Area Studies (အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ ပညာရပ်များ လေ့လာရေးမဟာဌာန) (လက်ခံနိုင်သည့် ကျောင်းသားဦးရေ- ၃၇၅)၊ Postgraduate Programs (ဘွဲ့လွန်သင်တန်းများ) (လက်ခံနိုင်သည့်ကျောင်းသားဦးရေ- မဟာဘွဲ့အတွက် ၁၄၈၊ ပါရဂူဘွဲ့အတွက် ၄၀) တို့သည် ကမ္ဘာ့ဒေသအသီးသီးမှ ဘာသာစကားများ၊ ယဉ်ကျေးမှုများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးလျက် ရှိပါသည်။ ထို့အပြင် တက္ကသိုလ်တွင် The Research Institute for Languages and Cultures of Asia and Africa (ILCAA) ( အာရှနှင့် အာဖရိကဒေသဆိုင်ရာ ဘာသာစကား၊ ယဉ်ကျေးမှု သုတေသန မဟာဌာန) နှင့် Japanese Language Centre for International Students, TUFS (JLC) (နိုင်ငံတကာကျောင်းသားများအတွက် ဂျပန်ဘာသာစကားသင်ကြားရေး မဟာ ဌာန) တို့ကိုလည်း ဖွင့်လှစ်ထားပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့်ပညာရပ်ဖလှယ်ရေးဆိုင်ရာ မိတ်ဖက်များ

As of October 1, 2014



**EUROPE** — 17 countries, 51 institutions

1. **Austria**
   - Universität Wien
   - Österreichische Akademie der Wissenschaften
2. **Bulgaria**
   - Sofia University "St. Kliment Ohridski"
3. **Czech Republic**
   - Charles University
4. **France**
   - Universite de la Sorbonne Nouvelle Paris Ⅲ
   - École Supérieure d'Interprètes et de Traducteurs
   - Langues et cultures de l'aire tibétaine
   - Institut d'Etudes Politiques de Paris Fondation Nationale des Sciences Politiques
   - Institut National des Langues et Civilisations Orientales
   - Sciences Po Bordeaux
   - L' Université Sciences Humaines et Sociales - Lille 3
5. **Germany**
   - Universität Bielefeld
   - Justus Liebig-Universität Giessen
   - Philipps-Universität Marburg
   - Friedrich-Alexander-Universität Erlangen-Nürnberg
   - Georg-August-Universität Göttingen
   - Institute for African Studies, University of Cologne
   - Max Planck Institute for Evolutionary Anthropology
   - Asien-Afrika Institut, University of Hamburg
6. **Ireland**
   - University College Cork
7. **Italy**
   - Università degli Studi di Napoli "L'Orientale"
   - Università Ca' Foscari Venezia
   - Università degli Studi di Torino
   - Università degli Studi di Roma "La Sapienza"
   - University of Bologna
   - University of Trento
8. **The Netherlands**
   - Leiden University
   - Royal Netherlands Institute of Southeast Asian and Caribbean Studies
9. **Norway**
   - The University of Tromsø
10. **Poland**
    - International Cultural Centre
    - Jagiellonian University
11. **Portugal**
    - Universidade de Coimbra
    - Universidade de Lisboa
    - The University of Porto
    - Camoes, Instituto da Cooperacao e da Lingua
12. **Romania**
    - Romanian Cultural Institute
13. **Serbia**
    - University of Belgrade
14. **Slovenia**
    - University of Ljubljana
15. **Spain**
    - Universidad de Sevilla
    - Universitat Pompeu Fabra
    - Universidad Autónoma de Madrid
    - Universidad de Salamanca
    - Instituto Cervantes
    - Institut Ramon Llull
    - Universidad de Alcalá
16. **Switzerland**
    - L'Université de Genève
    - Universität Zürich
17. **U.K.**
    - School of Oriental and African Studies, University of London
    - University of Leeds
    - The University of Manchester
    - University of Essex

**NIS** — 3 countries, 7 institutions

1. **Kazakhstan**
   - Al-Farabi Kazakh National University
2. **Russia**
   - Russian State University for the Humanities
   - M. V. Lomonosov Moscow State University
   - The Faculty of Philology and Arts, St. Petersburg State University
   - Far Eastern Federal University
   - Moscow State Institute of International Relations
3. **Uzbekistan**
   - Tashkent State Institute of Oriental Studies

**AFRICA** — 6 countries, 8 institutions

1. **Cameroon**
   - Délégation Générale à la Recherche Scientifique et Technique
2. **Egypt**
   - Cairo University
   - Ain Shams University
3. **Mali**
   - L'Institut des Sciences Humaines
4. **Morocco**
   - University Mohammed V-Agdal
5. **Mozambique**
   - Lurio University
   - Eduardo Mondlane University
6. **Zambia**
   - University of Zambia

**ASIA** — 22 countries and 1 region, 60 institutions

1. **Bangladesh**
   - University of Dhaka
2. **Bhutan**
   - Dzongkha Development Commission
3. **Brunei**
   - Universiti Brunei Darussalam
4. **Cambodia**
   - Royal University of Phnom Penh
5. **China**
   - Shanghai International Studies University
   - Beijing Language and Culture University
   - The Chinese University of Hong Kong
   - The University of Hong Kong
   - Xiamen University
   - Northeast Normal University
   - Dalian University of Foreign Languages
   - Inner Mongolia University
   - Beijing Foreign Studies University
   - School of Foreign Studies, Peking University
   - Ningbo University
6. **India**
   - Central Institute of Indian Languages, Ministry of Education
   - Indian Statistical Institute
   - The University of Delhi
   - Centre for Development of Advanced Computing
   - Jadavpur University
7. **Indonesia**
   - Gadjah Mada University
   - Center for Social and Cultural Studies, Indonesian Institute of Sciences
   - Universitas Indonesia
   - Atma Jaya Catholic University of Indonesia
8. **Iran**
   - Centre of Agriculture Planning and Economic Studies
   - Allameh Tabataba'i University
   - Islamic Azad University, Shiraz Branch
   - University of Isfahan
9. **Republic of Korea**
   - Yonsei University
   - Seoul National University
   - Hankuk University of Foreign Studies
   - Sookmyung Women's University
10. **Laos**
    - National University of Laos
11. **Lebanon**
    - American University of Beirut
    - Faculty of Human Sciences, Branch 1, Lebanese University
    - Orient Institute of the German Oriental Society-Beirut
12. **Malaysia**
    - Institute of Language and Literature Malaysia
    - The Institute for Development Studies, Sabah
    - Universiti Kebangsaan Malaysia
13. **Mongolia**
    - National University of Mongolia
14. **Myanmar**
    - University of Yangon
15. **Pakistan**
    - The University of Azad Jammu & Kashmir
    - Quaid-i-Azam University
16. **Palestine**
    - Birzeit University
17. **Philippines**
    - University of the Philippines
18. **Singapore**
    - The Faculty of Arts & Social Sciences, National University of Singapore
19. **Syria**
    - Damascus University
20. **Taiwan**
    - National Chengchi University
    - National Taiwan University
    - Taiwan National Normal University
    - Tamkang University
21. **Thailand**
    - Srinakharinwirot University
    - Thai-Nichi Institute of Technology
    - Faculty of Liberal Arts, Thammasat University
    - Chulalongkorn University
22. **Turkey**
    - Ankara University
    - Boğaziçi University
23. **Vietnam**
    - University of Social Sciences and Humanities, Vietnam National University- Ha Noi
    - University of Social Sciences and Humanities, Vietnam National University- Ho Chi Minh City

**OCEANIA** — 2 countries, 4 institutions

1. **Australia**
   - Australian National University
   - The University of Melbourne
2. **New Zealand**
   - The University of Auckland
   - Victoria University of Wellington

**AMERICA** — 5 countries, 12 institutions

1. **Brazil**
   - Universidade do Estado do Rio de Janeiro
   - Universidade Federal do Paraná
2. **Canada**
   - The University of British Columbia
   - University of Regina
3. **Costa Rica**
   - University for Peace
4. **Mexico**
   - Universidad Nacional Autónoma de México
5. **U.S.A.**
   - Cornell University
   - University of California, San Diego
   - University at Albany, State University of New York
   - Columbia University
   - San Diego State University
   - Stony Brook University, The State University of New York